DeKalb County
School District

1701 Mountain Industrial Boulevard
Stone Mountain, GA 30083-1027
678-676-1200

ပညာရေးဘုတ်အဖွဲ့
Dr. Melvin Johnson၊ ဥက္ကဌ
Dr. Michael A. Erwin၊ ဒုတိယ ဥက္ကဌ
Mr. Stan O. Jester
Mr. James L. 'Jim' McMahan
Dr. Joyce Morley
Mr. Marshall D. Orson
Mrs. Vickie B. Turner

ညွှန်ကြားရေးမှူး
Dr. R. Stephen Green

---

2017 ခုနှစ်၊ ဩဂုတ်လ 15 ရက်

လေးစားအပ်ပါသော မိဘများ၊

ကျောင်းသားတိုင်း အောင်မြင်စေရေးဆောင်ရွက်ချက် (ESSA) ၏ သတ်မှတ်ချက်များနှင့် အညီ၊ DeKalb ကောင်တီအစိုးရကျောင်းရုံးက လူကြီးမင်းတို့အနေဖြင့် လူကြီးမင်းတို့ကျောင်းသား၏ ဆရာ/ဆရာမ(များ) နှင့်/သို့မဟုတ် သင်ထောက်ကူပညာရေးဝန်ထမ်း(များ)၏ ပညာရပ်ဆိုင်ရာ အရည်အချင်းများနှင့်ပတ်သက်သော အချက်အလက်များကို တောင်းဆိုနိုင်ကြောင်း အသိပေးအကြောင်းကြားလိုက်ပါသည်။ ဖော်ပြပါ အချက်အလက်များကို တောင်းဆိုနိုင်သည်-

1) ကျောင်းသား၏ ဆရာ/ဆရာမသည်-

- ဆရာ/ဆရာမမှ သင်ကြားပို့ချပေးရသည့်အတန်းအဆင့်များနှင့် ဘာသာရပ်နယ်ပယ်များအတွက် ပြည်နယ်က သ သတ်မှတ်ထားသော အရည်အသွေးနှင့် ခွင့်ပြုချက် စံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိ၊
- ပြည်နယ်က သတ်မှတ်ထားသော အရည်အချင်း သို့မဟုတ် ခွင့်ပြုချက် စံနှုန်းများကို လျှော့ပေါ့သတ်မှတ်ထားသော အရေးပေါ် သို့မဟုတ် အခြားယာယီအခြေအနေတွင် သင်ကြားခြင်းရှိမရှိ နှင့်
- ဆရာ/ဆရာမ၏ ထောက်ခံချက်လက်မှတ်ပါ စည်းကမ်းချက်နယ်ပယ်အတွင်း သင်ကြားခြင်း ရှိမရှိ။

2) ကလေးကို သင်ထောက်ကူ ပညာရေးဝန်ထမ်းများမှ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း ရှိမရှိ၊ ရှိပါက၊ ၎င်းတို့၏ အရည်အချင်းများ။

သင်သည် သင့်ကလေး၏ ဆရာ/ဆရာမ နှင့်/သို့မဟုတ် သင်ထောက်ကူ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းများနှင့် ပတ်သက်သော အ အချက်အလက်များကို တောင်းဆိုလိုပါက၊ ဗဟိုအစိုးရဆိုင်ရာ အစီအစဉ်များ၏ အမှုဆောင်ဒါရိုက်တာချုပ်၊ Dr. Kelly Hales ဖုန်းနံပါတ် (678) 676-0329 သို့ ဆက်သွယ်နိုင်ပါသည်။

လေးစားစွာဖြင့်

Kelly Hales, Ed.D.
ဗဟိုအစိုးရဆိုင်ရာ အစီအစဉ်များ၏ အမှုဆောင်ဒါရိုက်တာချုပ်